**ခရစ်ယာန်အသက်တာ၊ အသင်းတော်အသက်တာ၊ ခေတ်ကာလ၏ပြီးမြောက်ပြည့်စုံခြင်းနှင့် သခင်ဘုရား၏ကြွလာခြင်း**
(Saturday—First Morning Session)

Message Four

# ကိုယ်တော်၏ဒုတိယအကြိမ်နှင့် ဖြစ်အံ့ဆဲဆဲကြွလာခြင်းအတွက် သခင်ဘုရား၏အပ်နှင်းစေခိုင်းခြင်းနှင့် ကိုယ်တော်၏ဆုကျေးဇူးများ၌ အစေခံခြင်းတွင် သစ္စာရှိခြင်း

ဖတ်ရန်ကျမ်း။ ။မ၊၂၄း၄၅–၅၁။ ၂၅း၁၄–၃၀

**I. မဿဲ၊၂၄း၄၅–၅၁ တွင် ကျွန်ုပ်တို့သည် ကိုယ်တော်အိမ်တော်ရှိ အိမ်တော်သားများထံ အစာအဖြစ် ဘုရားသခင်ကို ပေးခြင်းငှာ သခင်ဘုရား၏ ခန့်အပ်စေခိုင်းခြင်း၌ အစေခံခြင်းတွင် သစ္စာရှိရမည်ဖြစ်ကြောင်း၊ သို့မှသာ လာမည့် နိုင်ငံတော်၌ ခရစ်တော်ကို ကျွန်ုပ်တို့၏ ဆုလာဘ်အဖြစ် ရယူနိုင်မည်ဖြစ်ကြောင်း ဖွင့်ပြထားသည်။**

က။ ဘုရားသခင်၌ အိမ်ထောင်စုရှိပြီး၊ မိမိကိုယ်တော်တိုင်ကို ကိုယ်တော်၏ထင်ရှားခြင်းအတွက် အိမ်တော်ရှိ အိမ်တော်သားများထံ အစာအဖြစ် ဝေငှဖြန့်ဖြူးပေးရန် အိမ်ထောင်စုဆိုင်ရာ စီမံခန့်ခွဲခြင်း၊ စီမံကိန်းလည်း ရှိသည် – ၁တိ၊၁း၄။ ၃း၁၅။ ဧ၊၂း၁၉။

ခ။ ဘုရားသခင်သည် သစ္စာရှိသော၊ သတိပညာရှိသော ကျွန်များကို ကိုယ်တော်၏ အိမ်ထောင်စုအပေါ် သင့်လျော်မှန်ကန်သည့် အချိန်၌ ကိုယ်တော်၏လူများအား အစာကို ပေးအပ်ရန် အိမ်ထောင်စုစီမံခန့်ခွဲသူများ၊ ဘဏ္ဍာထိန်းများ၊ မစခြင်းလမ်း ကြောင်းများအဖြစ် ခန့်အပ်ထားသည် – မ၊၂၄း၄၅။ ၁ကော၊၉း၁၇။ ဧ၊၃း၂။ ၁ကော၊၄း၁။ ၁ပေ၊၄း၁၀။ ဖိ၊၁း၂၅။

ဂ။ *အစားအသောက်ကို ဝေမျှခြင်း* မှာ အသင်းတော်ရှိ ယုံကြည်သူများထံ အသက်မစရာအဖြစ် ဘုရားသခင်နှင့် ခရစ်တော်၏ နှုတ်ကပတ်တော်ကို အမှုဆောင်ခြင်းအား ရည်ညွှန်းသည်။ အသက်ပေးသောဝိညာဉ်တော်ဖြစ်သည့် ခရစ်တော်သည် ကျွန်ုပ်တို့ ၏ အစာဖြစ်ကာ၊ အသက်၏နှုတ်ကပတ်တော်၌ ကိုယ်ထင်ရှား၍၊ သိမှတ်နားလည်ရသည် – မ၊၂၄း၄၅။ ယော၊၆း၅၇၊ ၆၃၊ ၆၈။ တ၊၅း၂၀။ ၁ယော၊၅း၁၆။

၁။ ကျွန်ုပ်တို့သည် အခြားသူများကို ကျွေးမွေးနိုင်ရန် သခင်ဘုရားကို ကျွန်ုပ်တို့၏ဝိညာဉ်ရေးရာအစာအဖြစ် မွေ့လျော် ဝမ်းမြောက်ခြင်းအလို့ငှာ ကိုယ်တော်၏ နှုတ်ကပတ်တော်ကို ကျွန်ုပ်တို့ ဆုတောင်းကာ ဆင်ခြင်ရွက်ဆိုရမည်၊ ဂရုတစိုက် ဆင်ခြင်ခြင်းအားဖြင့် မြည်းစမ်းရမည်၊ မွေ့လျော်ဝမ်းမြောက်ရမည်ဖြစ်သည် – ဧ၊၆း၁၇–၁၈။ ဆာ၊၁၁၉း၁၅။ ယေ၈၊ ၃း၁–၄။

၂။ ကျွန်ုပ်တို့သည် ဆုတောင်းခြင်းနှင့် နှုတ်ကပတ်တော်၏ အမှုတော်ထံသို့ ကျွန်ုပ်တို့ကိုယ်ကို ဆက်ကပ်အပ်နှံရမည်ဖြစ် သည် – တ၊၆း၄။ ၂ကော၊၃း၆၊ ၈။ ယော၊၇း၃၇–၃၉။ ညွှန်း၊ ဟေဗြဲ၊၇း၂၅၊ ၈း၂။

ဃ။ ကျွန်ုပ်တို့၏စိတ်နှလုံး၌ ကျွန်ုပ်တို့၏ သခင်သည် ကြန့်ကြာနေဦးမည်ဟု ဆိုခြင်းမှာ ဆိုးညစ်သော မျက်မှောက်ခေတ်ကိုချစ်ကာ သခင်ဘုရား၏ ပေါ်ထွန်းတော်မူခြင်းကို မချစ်ခြင်းပင် ဖြစ်သည် – မ၊၂၄း၄၈။ ၂တိ၊၄း၈၊ ၁၀။ ညွှန်း၊ တ၊၂၆း၁၆။

၁။ ကျွန်ုပ်တို့သည် အငမ်းမရတပ်မက်ခြင်းကို သတိပြုကာ၊ မိမိတို့ကိုယ်အတွက် ဘဏ္ဍာကို သိုထားခြင်းမပြုဘဲ၊ ဘုရားသခင် ထံသို့ ကြွယ်ဝခြင်း ရှိရမည် – လု၊၁၂း၁၆–၂၁။ ၂ကော၊၆း၁၀။ ဧ၊၃း၈။

၂။ "လောတ၏မယားကို အောက်မေ့ကြလော့" (လု၊၁၇း၃၂) ဟူသည်မှာ ကျွန်ုပ်တို့သည် ဘုရားသခင်က စီရင်၍ အဆုံးစွန် ဖျက်ဆီးပစ်တော့မည့် ဆိုးညစ်သော လောကကို ချစ်ခြင်း၊ တန်ဖိုးထားခြင်း မရှိသင့်ကြောင်း ဆိုလိုသည်။ ဤသည်မှာ လောကကို ချစ်သော ယုံကြည်သူများအတွက် တည်ကြည်လေးနက်သော သတိပေးချက်ဖြစ်သည် – အငယ်၊၂ဂ–၃၂။ ညွှန်း၊ ရော၊၁း၂၁၊ ၂၅။

၃။ ကျွန်ုပ်တို့သည် စောင့်ကြည့်သတိရှိခြင်း၊ အသနားခံတောင်းလျှောက်ခြင်း ရှိရမည်ဖြစ်သည်၊ သို့မှသာ သခင်ဘုရားကြွလာ ခြင်း၏ နေ့ရက်သည် ကျွန်ုပ်တို့အပေါ် ကျော့ကွင်းကဲ့သို့ ရုတ်တရက် မကျရောက်မည့်အကြောင်း ဖြစ်သည် – လု၊၂၁း၃၄– ၃၆။ ညွှန်း၊ မ၊၂း၃။

င။ ကျွန်ုပ်တို့၏ ကျွန်ချင်းများကို ရိုက်နှက်ခြင်းမှာ ယုံကြည်သူအချင်းချင်းကို နှိပ်စက်ခြင်းဖြစ်သည် – ၂၄း၄၉က။ တ၊၉း၄။

၁။ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ ယုံကြည်သူချင်းများကို တရားစီရင်ခြင်း၊ အပြစ်တင်ခြင်းမပြုဘဲ၊ သူတို့ထံ ကြင်နာခြင်းရှိကာ၊ နူးညံ့ကြင်နာခြင်းနှင့် ခရစ်တော်၌ ဘုရားသခင်က ကျွန်ုပ်တို့ကို ခွင့်လွှတ်သည့်နည်းတူ သူတို့ကို ခွင့်လွှတ်ခြင်းရှိရမည်ဖြစ် သည် – လု၊၆း၃၇။ ဧ၊၄း၃၁–၃၂။ ညွှန်း၊ ၁သက်၊၅း၁၄။

၂။ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ ညီအစ်ကိုများကို ပုတ်ခတ်ပြောဆိုခြင်း သို့မဟုတ် အပြစ်တင်ဝေဖန်ခြင်း မပြုရဘဲ၊ သူတို့သည် ကျွန်ုပ်တို့ထက် သာ၍ ကောင်းမြတ်သည်ဟု မှတ်ယူရမည်ဖြစ်သည် – ၂တိ၊၃း၁–၂။ ၁ပေ၊၃း၈–၁၀။ ယု၊၁၀။ ၁ကော၊ ၆း၉–၁၀။ ဖိ၊၂း၂–၄၊ ၂၉။ ရော၊၁၂း၃။

က။ ပုတ်ခတ်ပြောဆိုခြင်းမှာ ကျွန်ုပ်တို့က သန့်ရှင်းသူများအား ရင့်သီးသောစကားပြောခြင်းဖြင့် ကြမ်းတမ်းစွာ တိုက်ခိုက်ပြောဆိုခြင်းနှင့် အပြစ်တင်ဝေဖန်ခြင်းအားဖြင့် အတွင်းပိုင်းနာကျင်မှု ခံစားစေခြင်း သို့မဟုတ် အတွင်းပိုင်း အနာတရဖြစ်စေခြင်းပင်ဖြစ်သည်။

ခ။ သခင်ဘုရား၏ နည်းလမ်းမှာ ကျွန်ုပ်တို့၏ အနာများကို စည်းပေးရန် (အနာငြိမ်းပေးရန်) နှင့် ကျွန်ုပ်တို့၏ အနာများအပေါ် ဆီနှင့် စပျစ်ရည်ကို လောင်းပေးရန် (သန့်ရှင်းသောဝိညာဉ်တော်နှင့် ဘုရားဆိုင်ရာအသက်ကို ကျွန်ုပ်တို့အား ပေးရန်) ဖြစ်သည် – လု၊၁၀း၃၃–၃၄။

ဂ။ အသင်းတော်သည် ကွဲပြား၍ ပျက်စီးသွားရခြင်း၏ အကြောင်းရင်းများမှ တစ်ခုမှာ ပုတ်ခတ်ပြောဆိုခြင်း စကားများရှိနေခြင်းကြောင့် ဖြစ်သည်။ ပုတ်ခတ်ပြောဆိုသည့် စကားများကို ယူဆောင်သောသူတို့သည်လည်း ပုတ်ခတ်ပြောဆိုသည့်စကားများကို ပြောသည့်သူများနှင့်အတူတူ တာဝန်ရှိသည်။ အသင်းတော်သည် တစ်လုံးတစ်ဝဖြစ်ခြင်းကို စောင့်ထိန်းရန်အလို့ငှာ ကျွန်ုပ်တို့သည် ပုတ်ခတ်ပြောဆိုခြင်းစကားများကို ခုခံတွန်းလှန်ရမည်ဖြစ်သည်။

ဃ။ အပြစ်ကို သိခြင်းမှာ ဘုရားသခင်ကို သိကျွမ်းခြင်းမှ လာသည်။ ထိုနည်းအတိုင်းပင် ပုတ်ခတ်သည့်စကားများကို သိခြင်းမှာ ကိုယ်ခန္ဓာတော်ကို သိကျွမ်းခြင်းမှ လာသည်။ ပုတ်ခတ်သည့်စကားများသည် ကိုယ်ခန္ဓာတော်၏ သက်သေခံချက်ကို ဆန့်ကျင်နေသည်။

င။ သခင်ဘုရားက ပုတ်ခတ်ပြောဆိုသူများသည် လာမည့်ခေတ်တွင် အောင်မြင်သောသန့်ရှင်းသူများအဖို့ ဆုလာဘ်ဖြစ်သည့် ဘုရားသခင်၏ နိုင်ငံတော်ကို အမွေခံနိုင်မည်မဟုတ်ကြောင်း ကျွန်ုပ်တို့ကို သတိပေးထားသည် – ၁ကော၊၆း၁၀။

၃။ ကျွန်ုပ်တို့သည် ယုံကြည်သူချင်းများထံ သခင်အဖြစ် အုပ်စိုးရန်မဟုတ်ဘဲ၊ သူတို့ထံ ကျွန်များအဖြစ် အစေခံပြီး၊ အသက်ပေးသောဝိညာဉ်တော်ဖြစ်သည့် ရှင်ပြန်ထမြောက်သော ခရစ်တော်ဖြင့် သူတို့ကို ကျွေးမွေးရမည်ဖြစ်သည် – ၁ပေ၊၅း၃။ မ၊၂၀း၂၅–၂၈။ ညွှန်း၊ စာရင်း၊၁၇း၈။

စ။ သေသောက်ကြူးသူတို့နှင့်တကွ စားခြင်း၊ သောက်ခြင်းမှာ လောကဆိုင်ရာအရာများဖြင့် ယစ်မူးနေကြသည့် လောကဆိုင်ရာလူများနှင့်အတူ ဆက်လက် ပေါင်းဖော်နေခြင်းပင်ဖြစ်သည် – မ၊၂၄း၄၉ခ။ ညွှန်း၊ ဧ၊၅း၁၈။

၁။ မိမိတို့၏ ဘုရားဆိုင်ရာ သဘောသဘာဝနှင့် သန့်ရှင်းသောရပ်တည်မှုကြောင့် ယုံကြည်သူများသည် မယုံကြည်သူများနှင့်အတူတကွ ထမ်းပိုးထမ်းခြင်း မရှိသင့်ပေ။ ဤအရာသည် လက်ထပ်ထိမ်းမြားခြင်းနှင့် လုပ်ငန်းလုပ်ကိုင်ခြင်း၌သာမက ယုံကြည်သူများနှင့် မယုံကြည်သူများအကြား ရင်းနှီးမှုရှိသည့် ဆက်နွှယ်မှုများအားလုံးအတွက် အကျုံးဝင်သည် – ၂ကော၊၆း၁၄။ ၁ကော၊၁၅း၃၃။ ညွှန်း၊ သု၊၁၃း၂၀။

၂။ ကျွန်ုပ်တို့သည် လူပျိုတို့၏ တပ်မက်ခြင်းများကို ရှောင်ပြေးကာ၊ သခင်ဘုရား၏ နာမတော်ကို စင်ကြယ်သောစိတ်နှလုံးဖြင့် ခေါ်သောသူတို့နှင့်အတူ အရာအားလုံးပါဝင်သော ခရစ်တော်ကို ဆည်းပူးရယူခြင်း ရှိရမည်ဖြစ်သည် – ၂တိ၊၂း၂၂။

ဆ။ သစ္စာရှိ၍ သတိပညာရှိသော ကျွန်သည် နိုင်ငံတော်ပေါ် ထွန်းခြင်း၌ အုပ်စိုးရန် အခွင့်အာဏာဖြင့် ဆုလာဘ်အပ်နှင်းခံရမည်ဖြစ်ပြီး၊ ဆိုးညစ်သောကျွန်မှာမူ ဘုန်းကြီးသောခရစ်တော်ထံမှ၊ ကိုယ်တော့်နိုင်ငံတော်၏ ဘုန်းတော်မှ၊ ကိုယ်တော်နိုင်ငံတော်ရှိ ကိုယ်တော်၏ ဘုန်းကြီးသော မျက်မှောက်တော်မှ နှင်ထုတ်ခံရမည်ဖြစ်သည် – မ၊၂၄း၄၇၊ ၅၁။

## II. မဿဲ၊၂၅း၁၄–၃၀ တွင် ကျွန်ုပ်တို့သည် ကိုယ်တော်အတွက် အကျိုးအမြတ်ရရန် သခင်ဘုရား၏ဆုကျေးဇူးများဖြင့် အစေခံခြင်း၌ သစ္စာရှိရမည်၊ သို့မှသာ လာမည့်နိုင်ငံတော်၌ သခင်ဘုရား၏ဝမ်းမြောက်ခြင်းအထဲသို့ ကျွန်ုပ်တို့ ဝင်ရောက်နိုင်ဖြစ်ကြောင်း ဖွင့်ပြထားသည်။

က။ သခင်ဘုရားက မိမိကိုယ်တော်တိုင်ကို တိုင်းတစ်ပါး (ကောင်းကင်များအထဲသို့) သွားခဲ့သောလူတစ်ဦးနှင့် ခိုင်းနှိုင်းထားပြီး၊ သူ၏ ကျွန်များထံ သူ၏ ဥစ္စာရှိသမျှကို အပ်ထားခဲ့သည်။ သူ၏ ဥစ္စာများ ဟူသည်မှာ အသင်းတော်ကို ရည်ညွှန်းပြီး (ဧ၊၁း၁၈)၊ ယင်းမှာ ဘုရားသခင်၏ အိမ်ထောင်စုအဖြစ် စေ့စပ်ထုံးဖွဲ့ထားသည့် (မ၊၂၄း၄၅) ယုံကြည်သူများအားလုံး ပါဝင်သည်။

ခ။ သခင်၏ ကျွန်များမှ တစ်ဦးကို အခွက်ငါးခွက်ပေးကာ၊ နောက်တစ်ဦးကို နှစ်ခွက်နှင့် နောက်တစ်ဦးကို တစ်ခွက် ဟူ၍ မိမိတို့၏ တတ်စွမ်းနိုင်သည့် ပမာဏအတိုင်း ပေးခဲ့သည် – ၂၅း၁၅။

၁။ ငွေအခွက်များသည် ဝိညာဉ်ရေးရာဆုကျေးဇူးများ (ဝိညာဉ်ဆိုင်ရာ ကျွမ်းကျင်မှုနှင့် စွမ်းရည်များ) ကို ရည်ညွှန်းသည် – ရော၊၁၂း၆။ ၁ကော၊၁၂း၄။ ၁ပေ၊၄း၁၀။ ၂တိ၊၁း၆။

၂။ ခရစ်တော်ကိုယ်ခန္ဓာတော်၏ အင်္ဂါဝင်များအားလုံးသည် ဆုကျေးဇူးခံရသူများဖြစ်ကြပြီး၊ အားလုံးတို့သည် ဆုလက်ဆောင်များဖြစ်ကြသည် – ရော၊၁၂း၆က။ ဧ၊၄း၇–၈။

၃။ *မိမိတို့၏ အစွမ်းသတ္တိရှိသည်အတိုင်း* ဟူသည်မှာ ဘုရားသခင်၏ ဖန်ဆင်းခြင်းနှင့် ကျွန်ုပ်တို့၏ သင်ယူတတ်မြောက်ခြင်းတို့ဖြင့် စေ့စပ်ထုံးဖွဲ့ထားသည့် ကျွန်ုပ်တို့၏ ဇာတိဆိုင်ရာ စွမ်းဆောင်ရည်ကို ရည်ညွှန်းသည် – မ၊၂၅း၁၅။ ညွှန်း၊ တ၊၇း၂၂။

- က။ ဇာတိဆိုင်ရာ ခွန်အားနှင့် စွမ်းဆောင်ရည်သည် ရှင်ပြန်ထမြောက်ခြင်း၌ သခင်ဘုရားထံသို့ ကျွန်ုပ်တို့အစေခံခြင်း အတွက် အသုံးဝင်သောအရာ ဖြစ်လာကာ၊ ကျွန်ုပ်တို့ကို တိုင်များဖြစ်စေရုံသာမက၊ ဘုရားသခင်၏ ထာဝရရည်ရွယ်ချက် ပြီးမြောက်ပြည့်စုံခြင်းအတွက် တိုင်ကို တည်ဆောက်သူများဖြစ်လာစေသည် – ၁ကော၊၁၅း၁၀၊ ၅၈။ ညွှန်း၊ ၂ကော၊၆း၁–၂။ ၁ဘုရင်၊၇း၁၃–၂၂ နှင့် မှတ်စုများ။ ဧ၊၄း၈၊ ၁၁–၁၂၊ ၁၆။ ဂလ၊၂း၉။ ဗျာ၊၃း၁၂။
- ခ။ မောရှေ၊ ပေတရုနှင့် ပေါလုတို့၏ ဇာတိစွမ်းဆောင်ရည်သည် ကားတိုင်ကို ဖြတ်ကျော်ခြင်းမှတစ်ဆင့် ရှင်ပြန်ထမြောက်ခြင်း၌ရောက်ရှိလာကာ၊ ကိုယ်တော်၏ကိုယ်ခန္ဓာတော် တည်ဆောက်ခြင်းအတွက် သခင်ဘုရားအားဖြင့် အသုံးပြုခြင်း ခံရလေသည် – တ၊၇း၂၂–၃၆။ လု၊၂၂း၃၂–၃၃။ ၁ပေ၊၅း၅–၆။ တ၊၂၂း၃။ ဖိ၊၃း၅–၈၊ ၁၄။ ဂလ၊ ၂း၂၀။ ၂ကော၊၄း၁၀–၁၂။ ၂တိ၊၂း၁၁။

ဂ။ ငွေအခွက်များကို ကုန်သွယ်ခြင်းမှာ သခင်ဘုရားက ကျွန်ုပ်တို့ကို ပေးထားသည့် ဆုကျေးဇူးကို အသုံးပြုခြင်းအား ရည်ညွှန်းသည်။ နောက်ထပ်ငွေအခွက်များ ရရှိခြင်းမှာ သခင်ဘုရားထံမှ ကျွန်ုပ်တို့ရရှိသည့် ဆုကျေးဇူးသည် အပြည့်ဝဆုံးအတိုင်း အတာအထိ အသုံးပြုပြီးဖြစ်ကြောင်း၊ မည်သည့် ဆုံးရှုံးမှု သို့မဟုတ် ဖြုန်းတီးမှုမျှ မရှိကြောင်း ရည်ညွှန်းသည် – မ၊၂၅း၁၆–၁၇။ ၁တိ၊၄း၁၄။ ၂တိ၊၁း၆။ ၄း၅ခ။

ဃ။ အခွက်ငါးခွက်ရသောသူနှင့် အခွက်နှစ်ခွက် ရသောသူတို့နှင့် ဆန့်ကျင်ဘက်အနေဖြင့် အခွက်တစ်ခွက် ရသောသူသည် ထွက်သွား၍မြေကြီးကို တူးကာ၊ သူ့သခင်၏ ငွေကို ဝှက်ထားခဲ့သည်။ ဤသည်မှာ သခင်ဘုရား၏ဆုကျေးဇူးကို အသုံးပြု၍ လူများကို ကယ်တင်ခြင်း၊ ကိုယ်တော်၏ကြွယ်ဝခြင်းများကို သူတို့ထံ အမှုဆောင်ခြင်း မပြုခြင်းကို ရည်ညွှန်းသည် – မ၊၂၅း၁၈၊ ၂၇။

- ၁။ မြေကြီးမှာ လောကကို ရည်ညွှန်းသည်။ ထို့ကြောင့် *မြေကြီးကို တူးခြင်း* မှာ သခင်ဘုရားထံမှ ကျွန်ုပ်တို့ရရှိသည့် ဆုကျေးဇူးကို မြှုပ်နှံရန် လောက၌ ပါဝင်ပတ်သက်ခြင်းကို ရည်ညွှန်းသည်။
- ၂။ *မိမိသခင်၏ ငွေကို ဝှက်ထားခြင်း* မှာ သခင်ဘုရား၏ဆုကျေးဇူးကို အသုံးမရ ဖြစ်စေခြင်း၊ လောကဆိုင်ရာ အကြောင်းပြချက်များ၏ ဖုံးကွယ်မှုအောက်တွင် အကျိုးမဲ့ ပစ်ထားခြင်းကို ရည်ညွှန်းသည်။ သခင်ဘုရား၏ဆုကျေးဇူးကို အသုံးမပြုခြင်းအတွက် မည်သည့်အကြောင်းပြချက်မဆို ပေးခြင်းသည် ဆုကျေးဇူးကို ဝှက်ထားခြင်းဖြစ်သည်။

င။ သခင်က ဆိုးညစ်၍ ပျင်းရိသော ကျွန်အား သူသည် သခင်၏ငွေကို ပွဲစားများ (ဘဏ်လုပ်ငန်းရှင်များ) ထံ အပ်နှံသင့်ပြီး၊ သူပြန်ကြွလာသည့်အခါ သူ၏ငွေရင်းနှင့် အတိုးကို ရရှိနိုင်မည်ဟု ပြောခဲ့သည် – အငယ်၊၂၇။

- ၁။ တစ်နည်းအားဖြင့် ပွဲစားများ (ဘဏ်လုပ်ငန်းရှင်များ) မှာ လူသစ်များ၊ ငယ်ရွယ်သူများ၊ နောက်ပြန်လဲသွားသူများကို ရည်ညွှန်းသည်ဟု ကျွန်ုပ်တို့ပြောနိုင်သည်။ ကျွန်ုပ်တို့၏ ငွေအခွက်ကို အသုံးပြုရန် အကောင်းဆုံးနည်းလမ်းမှာ အခြားသူများကို ဂရုစိုက်ခြင်း၊ အခြားသူများ၌ စိတ်ဝင်စားမှုရှိလာခြင်းနှင့် ခရစ်တော်ကို သူတို့အထဲသို့ ဝေငှဖြန့်ဖြူးပေးရန် အလို့ငှာ သူတို့အတွက် အလေးထားပေးခြင်းရှိရန်ဖြစ်သည်။
- ၂။ ကျွန်ုပ်တို့သည် သခင်ဘုရားနှင့် အချိန်ယူပြီး၊ ကျွန်ုပ်တို့ မည်သူ့ကို ထိန်းကျောင်းရန်နှင့် စပ်လျဉ်း၍ ကိုယ်တော်ထံသို့ ဖွင့်ပေးသည့်အခါ၊ ကိုယ်တော်သည် ကျွန်ုပ်တို့ကို ဝန်တာပေးလိမ့်မည်ဖြစ်သည်။ ကျွန်ုပ်တို့သည် သခင်ဘုရားနှင့်တစ်လုံးတစ်ဝဖြစ်ခြင်းဖြင့် အခြားသူများနှင့် ဆက်သွယ်၍ မိတ်သဟာယဖွဲ့ကာ၊ သူတို့ကို ကိုယ်တော်၏မျက်မှောက်တော်ဖြင့် ပြုစုယုယခြင်းနှင့် ကိုယ်တော်၏ကြွယ်ဝခြင်းများဖြင့် ကျွေးမွေးမစခြင်း ပြုသောအခါ ကျွန်ုပ်တို့သည် အလိုအလျောက်ပင် ကျွန်ုပ်တို့၏ ငွေအခွက်ကို အသုံးပြုခြင်းရှိလိမ့်မည်ဖြစ်သည်။
- ၃။ ထိုနောက် သခင်ဘုရားကြွလာသည့်အခါ ကျွန်ုပ်တို့က ကိုယ်တော်၏ဆုကျေးဇူးကို အသုံးပြု၍ သခင်ဘုရား၏ အလုပ်အတွက် ကျွန်ုပ်တို့ရရှိသည့် အကျိုးအမြတ် ရလဒ်အဖြစ် ကိုယ်တော်၏ငွေရင်းကို အတိုးနှင့်အတူ ကိုယ်တော် ရရှိလိမ့်မည်ဖြစ်သည်။

စ။ သခင်ဘုရားပြန်ကြွလာသည့်အခါ ကိုယ်တော်သည် ကျွန်ုပ်တို့နှင့်အတူ ငွေစာရင်း ရှင်းလိမ့်မည်ဖြစ်သည်။ ဤသည်မှာ လေထဲ၌ (ကိုယ်တော်၏ ပါရိုးစီးယားနှင့်အတူ) သခင်ဘုရား၏ တရားစီရင်ရာပလ္လင်၌ တရားစီရင်ခြင်း (၂ကော၊၅း၁၀။ ရော၊၁၄း၁၀) သည် ယုံကြည်သူများ၏ အသက်ရှင်ခြင်း၊ အပြုအမူနှင့် အလုပ်တို့မှာ ဆုလာဘ် သို့မဟုတ် အပြစ်ပေးဆုံးမခြင်းအတွက် စီရင်ခြင်းဖြစ်လိမ့်မည်ဖြစ်ကြောင်း ရည်ညွှန်းသည် (၁ကော၊၄း၅။ မ၊၁၆း၂၇။ ၂၅း၁၉။ ၁ကော၊၃း၁၃–၁၅)။

ဆ။ သခင်ဘုရား၏ ဆုလာဘ်သည် ကျွန်ုပ်တို့အလုပ်၏ အရွယ်အစားနှင့် အရည်အသွေးနှင့် ဆက်နွှယ်ခြင်းမဟုတ်ဘဲ၊ ကျွန်ုပ်တို့က ကိုယ်တော်၏ဆုကျေးဇူးကို အပြည့်ဝဆုံး အတိုင်းအတာအထိ အသုံးပြုခြင်း၌ ကျွန်ုပ်တို့၏သစ္စာရှိခြင်းနှင့် ဆက်နွှယ်နေသည်။ ခရစ်တော်ကိုယ်တော်တိုင်သည် ကျွန်ုပ်တို့၏ အသက်သရဖူ၊ ဖြောင့်မတ်ခြင်းသရဖူနှင့် ဘုန်းတော်သရဖူဖြစ်လိမ့်မည်ဖြစ်ကာ၊ ယင်းမှာ လာမည့်နိုင်ငံတော်၌ ကျွန်ုပ်တို့၏ မွေ့လျော်ဝမ်းမြောက်မှုအတွက် ကျွန်ုပ်တို့အဖို့ ဆုလာဘ်ဖြစ်လိမ့်မည်ဖြစ်သည် – မ၊၂၅း၂၃။ ဗျာ၊၂း၁၀။ ယာ၊၁း၁၂။ ၂တိ၊၄း၈။ ၁ပေ၊၅း၄။

၉။ လာမည့်နိုင်ငံတော်၌ သခင်ဘုရား၏ ဆုကျေးဇူးသည် ပျင်းရိသော ယုံကြည်သူများထံမှ နုတ်ယူခံရမည်ဖြစ်ပြီး၊ သူတို့သည် ပြင်ပ မှောင်မိုက်အရပ်အထဲသို့ နှင်ထုတ်ခံရမည်၊ သို့သော် သစ္စာရှိသော ယုံကြည်သူများ၏ ဆုကျေးဇူးမှာမူ တိုးပွားလာလိမ့်မည်၊ သူတို့သည် မိမိတို့သခင်၏ ဝမ်းမြောက်ခြင်းအထဲသို့ ဝင်ရောက်ရကြလိမ့်မည် (မ၊ ၂၅း ၂၁၊ ၂၃)။ သခင်ဘုရား၏ဝမ်းမြောက်ခြင်းအထဲသို့ ပါဝင်ဆက်ဆံခြင်းမှာ အကြီးမြတ်ဆုံးသော ဆုလာဘ်ဖြစ်ကာ၊ နိုင်ငံတော်၌ ဘုန်းအသရေနှင့် အဆင့်အနေအထားထက် ပို၍ ကောင်းမြတ်သည့်အရာဖြစ်သည် – အငယ်၊ ၂၁၊ ၃၀။

©2020 Living Stream Ministry